အဓိန့်တော်မှာတော့ တရားသူကြီးက Samsaungရဲ့ အသွင်အပြင်တွေဟာ Appleရဲ့ ပစ္စည်းတွေလို ရိုးရှင်းမှု မရှိကြောင်း၊ Apple ချစ်သူပရိသတ်များ ထင်ယောင်ထင်မှား မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် Galaxy Tabletတွေက Apple ပစ္စည်းတွေလောက် မလန်းပါဘူးလို့ ပြောကြားသွားပါသည်။ Appleကိုတော့ တရားသူကြီးက 21ရက် ပြန်လည် အဆိုတင်သွင်းဖို့ အချိန်ပေးထားကြောင်း သတင်းများအရ သိရှိရပါသည်။

ယခုအချိန် နည်းပညာထဲမှာ အချမ်းသာဆုံးဖြစ်တဲ့ အဓမ္မိကန် Appleကတော့ ကမ္ဘာတစ်ဝှမ်းလုံးမှာရှိတဲ့ ထုတ်ဝေမ် HTC, ကိုရီးယား Samsaungတို့နှင့် ဒီဇိုင်းခိုးမှုမှု၊ နည်းပညာ တူညီကူးချမှုများကို ကမ္ဘာအရပ်ရပ်မှာ တရားရင်ဆိုင်လျက်ရှိပါသည်။

MacBook အသစ်နှင့် inDesign အသုံးမတည့်သေး

By iGeek

Adobeမှ ထုတ်လုပ်သည့် Layout Designerများ အသည်းစွဲ inDesign Softwareသည် PCနှင့် Mac Platform နှစ်ခုလုံးအတွက် တည်ရှိနေခဲ့သည်မှာ ရာစုနှစ် ချီခဲ့ပါပြီ။ Softwareဆိုသည့်အတိုင်း Hardware၏ ဝွမ်းဆောင်နိုင်မှု ပမာဏကို မူတည်ပြီး Featureတွေ၊ Functionတွေကို ပြောင်းလဲမှုများ အဖြေတစေ Version အသစ်တစ်ခုအဖြစ် တင်ဆက်လေ့ရှိပါတယ်။

ယခုအခါ Appleမှ MacBook အသစ်တစ်ခု ထွက်ရှိပြီးတာ တစ်လကြာခဲ့ပြီဖြစ်သော်လည်း Adobeမှ inDesign version အသစ်ကို မတင်ဆက်နိုင်သေးပေ။ ထိုရလဒ်ကြောင့် Version အဟောင်းနှင့် Intel Ivy Bridgeပါလာသည့် MacBook အသစ်သုံးသူများသည် inDesign Software အသုံးပြုနေစဉ် contentပါရှိသည့် စာမျက်နှာကို deleteလုပ်ပါက Software တစ်ခုလုံး အသုံးပြု၍ မရတော့ဘဲ Warning Box ပေါ်လာကာ Adobeသို့ အကြောင်းကြားရန် သတိပေးစာ ပေါ်လာသည်ဟု သတင်းများက ဆိုပါတယ်။

ဤကိစ္စကို Adobeမှ သိရှိပြီးဖြစ်သော်လည်း Version အသစ် မထွက်နိုင်သေးခင် MacBook အသစ်မှာ Software အသစ်မသုံးဘဲ OSX 10.7.4ကို ပြန်လည်နှိပ်ချလိုက်လျှင် ယခုပြဿနာကို ပြန်လည်ဖြေရှင်းနိုင်မည်ဟု ဆိုပါတယ်။ Mountain Lionလည်း ယခုလအတွင်း ထွက်ရှိလာတော့မည် ဖြစ်သည့်အတွက် ဒီဇိုင်းပညာရှင် အများစုက Adobe inDesign၏ Version အသစ်ပါ တစ်ပြိုင်တည်း ထွက်ရှိလာမှာလားဟု မျှော်လင့်နေကြပါသည်။

Mountain Lionကို စမ်းသပ်သုံးစွဲနေသည့် Developerများမှလည်း Adobe Software တော်တော်များများဟာ ယနေ့လက်ရှိအချိန်အထိတော့ အသုံးပြုရ အဆင်မပြေသေးကြောင်း Mountain Lion တစ်ခုတည်းကြောင့် မဟုတ်ဘဲ အသစ်ထွက်လာသည့် Retina Displayရဲ့ Resolution အရမ်းမြင့်မားလွန်းသည့်အတွက်ကြောင့် Adobeမှ Interfaceကိုပါ ပြန်လည်မွမ်းမံရန်လိုကြောင်း ပြောကြားကြပါသည်။

HOW-TO OSX & iOS Apps

နေ့စဉ်ကြည့်တဲ့ ဝက်ဘ်ဆိုဒ်များကို iPhone တွင် မှတ်ထားခြင်း



ကမ္ဘာပေါ်မှာ စိတ်ဝင်စားစရာ၊ လေ့လာစရာ website သန်းနှင့်ချီပြီး ရှိကြတဲ့အထဲက တစ်နေ့တစ်နေ့ Internet အသုံးပြုသူတစ်ဦးချင်းစီမှာလည်း မိမိတို့ နှစ်သက်ရာ ဝက်ဘ်ဆိုက်များစွာ ရှိကြမှာပါ။ URLလို့ခေါ်တဲ့ Safari Address Barမှာ ရိုက်ထည့်ရတဲ့ ဥပမာ-www.myanmarict.com ဆိုကြပါစို့ မှတ်ရတာလွယ်ပေမယ့် အခြား URL များဆို အဓိပ္ပာယ် မမှတ်မိနိုင်ပါဘူး။ ဥပမာ-Lyuktm.bit.lyတွေလိုမျိုး။ ဒါကြောင့်မို့လို့ Safari Mobile browserရဲ့ အောက်ဘက်နားက ဘားတန်းလေးရဲ့ အလယ်မှာ မြှားသင်္ကေတလေးနှင့် (Add Button)ကို နှိပ်ပြီး တစ်နေ့တာ ဘယ်ဆိုဒ် တက်ကမလဲ စဉ်းစားရတာတွေ၊ URLကို အစအဆုံး ပြန်ရိုက်ရမှာတွေကို Add Buttonကို ထိလိုက်ရုံနဲ့ ဖြေရှင်းပုံရှင်းနီးစေးကို မျှစေပေးလိုက်ပါတယ်။

» Safari Browserကို ဖွင့်လိုက်ပါ။ ကြိုက်နှစ်သက်ရာ website Address တစ်ခု ရိုက်ထည့်ပါ။

» မြှားသင်္ကေတလေးနှင့် (Add Button)ကို Touch, ထိလိုက်ရင်တော့ Listတွေ ပေါ်လာပါလိမ့်မယ်။

» ထိုထဲမှ ပထမဆုံး စာတမ်းလေး Add Bookmarkကို ရွေးချယ်လိုက်ပြီးနောက် ညာဘက်အပေါ်ထောင့်မှာ Save Buttonလေးကို ထပ်နှိပ်လိုက်ရင် ရပြီလေ။

ဘယ်လိုပြန်ကြည့်မလဲ၊ နေ့စဉ် ဘယ်လို အသုံးပြုမလဲ။

» စာအုပ်ပုံစံ Bookmark iconလေးကို နှိပ်ပါ။ အဲဒီမှာ Add လုပ်ထားတဲ့ URLတွေကို တွေ့ရပါလိမ့်မည်။ ပြန်လည် ကြည့်ရှုချင်တဲ့ websiteရဲ့ နာမည်ကို Touch လုပ်လိုက်ရုံဖြင့် ပြန်လည်ကြည့်ရှုနိုင်မှာ ဖြစ်ပါသည် ခင်ဗျာ။

Appတွေကို ဆိုင်မှာ သွင်းမလား၊ ကိုယ့်ဘာသာ သွင်းဖို့ ကြိုးစား ကြည့်မလား၊

ပြည်တွင်းမှာ iPhone အသုံးပြုသူ အများစုဟာ ဝယ်ဝယ်ပြီးချင်း Mobile ဆိုင်တွေကို သွားပြီး Apps သွင်းနိုင်းလေ့ ရှိပါတယ်။

ကောင်းကျိုးကတော့

အချိန်ကုန် Apps ဘယ်လို သွင်းလဲဆိုတာ ကိုယ်တိုင် လေ့လာစရာ၊ အင်တာနက် connection နေးကွေးတာတွေ စောင့်နေစရာ မလိုတော့ဘူးပေါ့။

ဆိုးကျိုးကတော့

ပထမဦးစွာ နားလည်သင့်သည်မှာ - Appsတွေ သွင်းဖို့ဆိုရင် Apple ID (သို့) iCloud Account တစ်ခု လိုအပ်ပါတယ်။ ထို Accountနဲ့ မိမိရဲ့ email, Reminder, Calendar, Notes, မိမိ iPhone ပျောက်သွားလို့ ဘယ်မှာရှိမလဲရှာသည့် Find my iPhone Appအစရှိသည်တို့ကို iPhoneမှာပါဝင်လာတဲ့ Appsတွေမှတစ်ဆင့် အသုံးပြုပြီး iCloud Accountနဲ့ အင်တာနက်ပေါ်မှာရှိတဲ့ Storage (ဂိုထောင်)တစ်ခုထဲမှာ Appleက သိမ်းပေးထားတယ်ဆိုတာပါပဲ။

ဒါကြောင့်မို့ ဆိုင်မှာ Apps သွားသွင်းရင် သူများရဲ့ အကောင့်နဲ့ သွင်းလိုက်မည် ဖြစ်သည့်အတွက်ကြောင့် ကိုယ့်ရဲ့ Appsတွေ သွင်းထားတဲ့ iPhoneမှာ ကိုယ့်ရဲ့ အရေးကြီးတဲ့ အချက်အလက်တွေအတွက် သတိထားရပါလိမ့်မည်။ Settingထဲက iCloudထဲမှာ အားလုံး 'ON'ထားတယ်ဆိုရင်တော့ သူများရဲ့ iCloud (ဂိုထောင်)ထဲ ကိုယ့်ပစ္စည်းတွေ ရောက်နေပါလိမ့်မည်။

iPhone Appတွေ ဘယ်လိုရှာရမလဲ

iPhoneရဲ့ အဓိက လှုပ်ကြွက်အများဆုံး အချက်ရှာပြပါဆိုလျှင်တော့ လိုချင်တဲ့ Apps ပေါင်းစုံသွင်းလို့ ရခြင်းပါပဲ။ weather ကြည့်ချင်လား? လေ့ကျင့်ခန်းလုပ်ချင်လား ? ဝတ္ထု ဖတ်ချင်လား? magazine စုဆုံးလား? ဂီးမ်းကစားချင်လား? အစရှိသည်ဖြင့်ပေါ့။ ပြသနာက ထိုAppsတွေ ရာဂဏန်း ကျော်လာပြီဆိုရင် ဘယ်လို ရှာကြမလဲ ဆိုတာပါပဲ။

1။ iPhoneရဲ့ Home Screen ရောက်ဖို့အတွက် Home buttonကို တစ်ချက်နှိပ်ပါ။ Home Screen ရောက်ပြီးသား၊ ရောက်နေပြီဆိုလျှင်တော့ Home Buttonကို နောက်တစ်ချက် ထပ်နှိပ်ကြည့်လိုက်ပါ။ Search iPhone ဆိုပြီး စာရိုက်ထည့်လို့ရတဲ့ Input Field အဖြူရောင် အကွက်လေးနဲ့ ကီးဘုတ်တစ်ခု တွေ့ပါလိမ့်မယ်။ Apps နာမည်တစ်ခု ရိုက်ထည့်လိုက်ပါ။ iPhoneက အလွန်လျင်မြန်စွာ အနီးစပ်ဆုံး (သို့) အတိအကျရိုက်ထည့်ထားသည့် Apps များကို ဖော်ပြပါလိမ့်မယ်။

2။ Folder ဆောက်ပါ။ iPhone Screenမှာရှိတဲ့ ကြိုက်တဲ့ App Icon တစ်ခုကို (2)စက္ကန့်လောက် မလွှတ်ဘဲ ဖိထားကြည့်လိုက်ပါ။

Apps Iconလေးတွေ Break Dance ဆွဲသလို တုံ့နေတာ တွေ့ရပါလိမ့်မည်။ အဲဒီအခါမှာ ကိုယ်လိုချင်တဲ့နေရာဆီသို့ App တစ်ခုချင်စီကို ဖိပြီး ရွှေ့လို့သလို Apps တစ်ခုအပေါ် တစ်ခု ဖိပြီး တင်လိုက်တဲ့အခါ Folder တစ်ခုဆောက်မလားလို့ အလိုအလျောက် မေးပါလိမ့်မည်။ ကိုယ်မှတ်မိတဲ့ နာမည်တစ်ခု ရိုက်ထည့်ပြီး မှိန်နေတဲ့ Screen ပေါ်က နေရာတစ်ခုကို ထိလိုက်မည်ဆိုရင်တော့ Folder တစ်ခုရပြီပေါ့။

iPhone screen တစ်ခုမှာ သီးသန့် App Icon 16 ခု ဆန့်ပြီး Folder တစ်ခုထဲမှာတော့ သီးသန့် App 12ခု ဝင်ဆန့်ပါတယ်။ သီးသန့် Folden 16ခု iPhone Screen တစ်ခုမှာ ထားမယ်ဆိုရင်တော့ App 192ခုကို iPhone Screen တစ်ခုထဲမှာ သိမ်းထားနိုင်မှာ ဖြစ်ပါတယ်။

အိမ်နီးချင်း

မနောဖြူလေး

ရပ်ကွက်လေးအတွင်းသို့ ဂျပန်ပြန် ဒီဂိုနှင့် သူ့အမျိုးသမီး ဖရိမတို့နှစ်အတူ သားလေး အူးအူးတို့ ပြောင်းရွှေ့လာခဲ့လေသည်။ ဒီရပ်ကွက်လေးထဲမှာ လုံးချင်းအိမ်လေးငှားတယ်ဆိုတော့ ဂျပန်မှ ပြန်ရောက်ခါစ ဂိဂိတို့အတွက် အကြိုက်တွေ့သွားသလို ရပ်ကွက်ကလေးနဲ့ နေရျင်သော ဖရိမအတွက်လည်း အကွက်ဆိုက် သွားလေသည်။

ဂျပန်မှာတော့ အလုပ်အကိုင်လည်း ကောင်း၊ ကိုယ်တတ်သည့် ပညာနဲ့ ရတဲ့လစာကတော့ ကိုက်ညီလုတဲ့အတွက် အလုပ်လုပ်ရတာ အဆင်ပြေလုပေသည်။

ခုတော့ ရန်ကုန်မှာ အခြေချမယ်ဆိုတော့ ဘာလုပ်ရမလဲ စဉ်းစားဖို့က လိုလာပြန်ပြီ။ ရန်ကုန်မှာက ကိုယ့်ပညာနဲ့ လုပ်စားရတာကလည်း ပေးတဲ့လစာက မဖြစ်စလောက်နဲ့။ ဘယ်မှာလျှောက်ပြီး ဘာလုပ်ရမလဲဆိုတာကလည်း အလုပ်နဲ့ လစာက မကိုက်တာက များနေသလို အလုပ်ကောင်းလေး၊ လစာလေးလည်း မဆိုးတဲ့နေရာကျပြန်တော့ နားရက်မရှိတဲ့ အလုပ် ဖြစ်ပြန်ရော။ ကိုယ်ပိုင်လုပ်ငန်း လုပ်ရပြန်တော့လည်း ပါလာတဲ့ငွေလေးက အိမ်ငှားတာနဲ့ မိသားစုစရိတ်နဲ့ဆိုတော့ အရင်းအနှီးက နည်းနေပြန်တော့ ဘာလုပ်ရမှန်း မသိ။ လောလောဆယ်တော့ စဉ်းစားမိတာ တစ်ခုရှိတာလေးပဲ လုပ်ဖို့ ဆုံးဖြတ်ထားမိသည်။

ဖမိတ်တော့ပဲ ငါတို့ရဲ့ အနီးအနား ဒီလမ်းထဲပဲ ဖိတ်ကြမယ်"

"အင်းလေ.. ဒါဆိုလည်း ကိုဂိုသဘောပဲ"

"သြော် ဒါနဲ့ သားလေး အူးအူးကိုလည်း ဒီရပ်ကွက်နဲ့ နီးတဲ့ကျောင်းကို ပြောင်းဖို့ လုပ်ရဦးမယ်နော်"

"အေးပါ နောက်တော့ မေးမြန်းပြီး ပြောင်းတာပေါ့"

ဒီလိုနဲ့ လင်မယားနှစ်ယောက် တိုင်ပင်ပြီး အိမ်တက်ဆွမ်းကျေးကို ကြက်သားပလာတာနဲ့ ဇည့်ခံကြလေသည်။

ခေါင်းရင်းအိမ်က မိတ့်ကိ်ကတော့ အစောကြီး ရောက်နေပြီး ငိုင်းဝန်း ကူညီပေးလေသည်။ ခြေရင်းအိမ်မှာ အရက်သမား ကမ်းကြီးကတော့ ညက အမူးလွန်နေသောကြောင့် ဧည့်သည် ကုန်သိန်းမှ ရောက်ရှိလာသည်။ တစ်အိမ်ကျော်မှ စက်ချုပ်သည့် ဇက်တီးမကတော့ သူ အကျီချုပ်သည့်အကြောင်းကို စကားတွေ ဖောင်ဖွဲ့အောင် ပြောပါတော့သည်။ မျက်နှာချင်းဆိုင် အိမ်က မိစိန်ပေါက်လည်း လာသည်၊ လမ်းထိပ်အိမ်က ဘယ်သူမှ မခေါ်မပြောဝဲနေတဲ့ ဒေါ်ဘလက်လည်း လုပ်ရပြန်တော့လည်း ပါလာတဲ့ငွေလေးက အိမ်ငှားတာနဲ့ မိသားစုစရိတ်နဲ့ဆိုတော့ အရင်းအနှီးက နည်းနေပြန်တော့ ဘာလုပ်ရမှန်း မသိ။ လောလောဆယ်တော့ စဉ်းစားမိတာ တစ်ခုရှိတာလေးပဲ လုပ်ဖို့ ဆုံးဖြတ်ထားမိသည်။

ခေါင်းရင်းအိမ်က မိတ့်ကိ်ကတော့ အစောကြီး ရောက်နေပြီး ငိုင်းဝန်း ကူညီပေးလေသည်။ ခြေရင်းအိမ်မှာ အရက်သမား ကမ်းကြီးကတော့ ညက အမူးလွန်နေသောကြောင့် ဧည့်သည် ကုန်သိန်းမှ ရောက်ရှိလာသည်။ တစ်အိမ်ကျော်မှ စက်ချုပ်သည့် ဇက်တီးမကတော့ သူ အကျီချုပ်သည့်အကြောင်းကို စကားတွေ ဖောင်ဖွဲ့အောင် ပြောပါတော့သည်။ မျက်နှာချင်းဆိုင် အိမ်က မိစိန်ပေါက်လည်း လာသည်၊ လမ်းထိပ်အိမ်က ဘယ်သူမှ မခေါ်မပြောဝဲနေတဲ့ ဒေါ်ဘလက်လည်း လုပ်ရပြန်တော့လည်း ပါလာတဲ့ငွေလေးက အိမ်ငှားတာနဲ့ မိသားစုစရိတ်နဲ့ဆိုတော့ အရင်းအနှီးက နည်းနေပြန်တော့ ဘာလုပ်ရမှန်း မသိ။ လောလောဆယ်တော့ စဉ်းစားမိတာ တစ်ခုရှိတာလေးပဲ လုပ်ဖို့ ဆုံးဖြတ်ထားမိသည်။

"အင်းလေ.. ဒါဆိုလည်း ကိုဂိုသဘောပဲ"

"သြော် ဒါနဲ့ သားလေး အူးအူးကိုလည်း ဒီရပ်ကွက်နဲ့ နီးတဲ့ကျောင်းကို ပြောင်းဖို့ လုပ်ရဦးမယ်နော်"

"အေးပါ နောက်တော့ မေးမြန်းပြီး ပြောင်းတာပေါ့"

ဒီလိုနဲ့ လင်မယားနှစ်ယောက် တိုင်ပင်ပြီး အိမ်တက်ဆွမ်းကျေးကို ကြက်သားပလာတာနဲ့ ဇည့်ခံကြလေသည်။

ခေါင်းရင်းအိမ်က မိတ့်ကိ်ကတော့ အစောကြီး ရောက်နေပြီး ငိုင်းဝန်း ကူညီပေးလေသည်။ ခြေရင်းအိမ်မှာ အရက်သမား ကမ်းကြီးကတော့ ညက အမူးလွန်နေသောကြောင့် ဧည့်သည် ကုန်သိန်းမှ ရောက်ရှိလာသည်။ တစ်အိမ်ကျော်မှ စက်ချုပ်သည့် ဇက်တီးမကတော့ သူ အကျီချုပ်သည့်အကြောင်းကို စကားတွေ ဖောင်ဖွဲ့အောင် ပြောပါတော့သည်။ မျက်နှာချင်းဆိုင် အိမ်က မိစိန်ပေါက်လည်း လာသည်၊ လမ်းထိပ်အိမ်က ဘယ်သူမှ မခေါ်မပြောဝဲနေတဲ့ ဒေါ်ဘလက်လည်း လုပ်ရပြန်တော့လည်း ပါလာတဲ့ငွေလေးက အိမ်ငှားတာနဲ့ မိသားစုစရိတ်နဲ့ဆိုတော့ အရင်းအနှီးက နည်းနေပြန်တော့ ဘာလုပ်ရမှန်း မသိ။ လောလောဆယ်တော့ စဉ်းစားမိတာ တစ်ခုရှိတာလေးပဲ လုပ်ဖို့ ဆုံးဖြတ်ထားမိသည်။

"မင်းကလဲ ဘာပြောတာလဲ"

"သြော် ဘာမှ မဟုတ်ပါဘူး။ ထမင်းချက်ပြီးပြီလား မေးတာပါ"

"ချက်ပြီးပြီ မဖေါက်ရေ... ချက်ပြီးလို့ လျှောက်ဖွတ်နေရတာ။ ရာသီဥတုက ခုကောင်းလိုက် တော်ကြာ မကောင်းလိုက်နဲ့လေ"

"ဘာချက်လဲ မဖရဲတို့ အိမ်တော့ ဟင်းကောင်းမှာပါ။ အမျိုးသားက စာရေးဆရာဆိုတော့လေ...."

"အမယ်လေး စာရေးဆရာဆိုတိုင်း ဟင်းကောင်းစားနေရတယ် မထင်နဲ့ မမပေါက်ရေ... ဒီလိုပဲ"

"မမပေါက်ကော ချက်ပြီးပြီလား။ မမရေ ဒနေလေးပုတုန်း လျှော်လက်စလေးတွေ ဆက်လျှော်လိုက်ဦးမယ်"

ဒီလိုနဲ့ မစိန်ပေါက်နဲ့ စကားကြောဖြတ်ရင်း အိမ်ထဲမှာ လျှော်ထားတဲ့ အဝတ်များကို ဝင်ယူရလေသည်။

တစ်ခဏ တစ်ခန့် ကိုဂိုဂိ ပြန်လာသည်နဲ့ ရပ်ကွက်အကြောင်း နားဝင်အောင် ကြားရလေသည်။

နောက်ရက် ရောဒွေးသွားတော့ တစ်ဖက်အိမ်မှ မသိအောင် တိတ်တိတ်သွားဖို့ ချောင်းရင်း ထွက်လာတော့

"ညီမလေးရေ.. ဈေးလည်း မှာချင်လို့"

"သြော်... အင်း အဲ... ရပါတယ် မမတို့ ဘာမှ မလို့လဲ"

"ချဉ်ဟင်းလေး စားချင်လို့လေ အဲဒါ တစ်ချိုးထဲနဲ့လည်း ဈေးကို မသွားချင်ခေတာနဲ့ အတော်ပဲ ညီမ ဖရဲကိုပဲ မှာလိုက်တော့မယ်။ လမ်းကြွေးစ ချဉ်ပေါက်ရွက်လေး နှစ်စီး သုံးစီးလောက် ဝယ်ခဲ့ပေးပါဦး"

ဝိုက်ဆံ မပေးပဲ ပါးစပ်ကနေ မှာနေသော မမတို့က်ကို စိတ်ထဲက ရေရွတ်ရင်း မျက်နှာပေးကတော့ အပြုံးတွေ ဝေဆာနေပြီး

"ရပါတယ် မမတို့ကရယ်။ ဒီလူနဲ့ ဒီလူ ပြောရမယ့်လူတွေမှ မဟုတ်တာနော်"

ဒီလိုနဲ့ ဈေးက ပြန်လာတော့ မမတို့က်တို့အိမ်ရှေ့ရောက်တော့ မျက်နှာ ချိုချို အပြုံးဝေဆာစွာနဲ့

"ဟောတော့ မမတို့က်ရေ... "

"ဘာလို့လဲ ညီမဖရဲ"

"မမမှာတာ ဖရဲမ မေခဲ့လို့ မမရဲ့" မှသားချိုချိုနဲ့ ပြောပြီး အိမ်ဘက် ဆက်လျှောက်လာခဲ့သည်။

ညဘက်ရောက်တော့ ကိုကိုဂိုဂိ စာရေးနေသည့်ဘေးတွင် ဝင်ထိုင်ရင်း တစ်နေ့ကုန်ဖြစ်သည့် ရပ်ကွက်အကြောင်းကို စကား ဖောင်ဖွဲ့နေမိတဲ့

"ဘယ်ခွေးမှ လူမထင်ဘူးကွ"

သံသေးသံကြောင် အသံကြီး ထွက်လာလေသည်။ ကိုကိုဂိုဂိက

"အင်း ဟိုဘက်အိမ်က ကမ်းကြီး ထုံးစံအတိုင်း မူးလာပြန်ပြီထင်တယ်"

"ဟုတ်တယ်နော် ကိုကိုဂိ။ မူးလာရင် တိတ်တိတ်နေတာ မဟုတ်ဘူး။ တစ်ရပ်ကွက်လုံးကို ဆူနေတာပဲ"

"ဟေ့ အရက်ကို ကြိုက်လို့ ရေ ရောသောက်တာ ဘာဖြစ်လဲကွ။ ဘယ်သူကို သောက် ဂရုစိုက်ရမှာလဲ။ မိုက်တဲ့ကောင် ထွက်ခဲ့... ကျန်တဲ့သူနဲ့ ဖိုက်မယ်။"

ဒါကြောင့် ကိုဂိုကို ပြောတယ်မလား ရပ်ကွက် ပြောင်းရအောင်လို့လေ။ ဒီလို ချိန်မှာ နားဝင်အောင် ပြောရသည်။

ခဏနေတော့ အိပ်ပျော်သွားပြီ ထင်ပါရဲ့ အသံတိတ်သွားလေသည်။

"မင်းကလည်းကွာ နားပြီးလိုက်တာ အရက်သမားထက် ပိုဆိုးနေတယ်။ ဒီလို ကိုယ့်အိမ်လေးခြံလေးနဲ့ နေချင်တယ်လို့ မင်းပဲ ပြောခဲ့တာမလား။"

လင်တော်မောင် ပြောတော့လည်း ငြိမ်နေရသည်။ တစ်ခါတလေတော့လည်း နေထိုင်မကောင်းဖြစ်ချင် မမတို့က် ဆန်ပြုတ်လေး လာပြုတ်ပေးတာနဲ့။ မစိန်ပေါက်က ဆေးလေး ဝယ်ပြီး ပို့ပေးတာ ဒါတွေတော့ မဆိုးလှပေ။

အူးအူးလေးကတော့ ကျောင်းပြန်လာရင် ဆော့ဖို့ ရပ်ကွက်ထဲရောက်ရောက်နေလို့ မနည်းပြန်ခေါ်ယူရသည်။ မစိန်ပေါက် တစ်ယောက် ရောက်ချလာခဲ့သည်။

"ဖရဲမရေ..."

"သြော်... မစိန်ပေါက် လာလေ။ အိမ်ထဲဝင်ပါဦး"

"အိမ်ထဲ ဝင်ဖို့ လာတာပါပဲ။ ပြချင်တာလေးတွေ ရှိလို့လေ"

"ဘာများလဲ မမစိန်ရဲ့"

"ဒီမှာ ခုထေါတဲ့ ဖောရိန် ရှန်စလေးတွေလေ။ ဈေးလေးလည်း မဆိုးဘူး။ ညီမများ ယူမလား လို့"

"သြော် မယူနိုင်သေးပါဘူး မမရယ်"

ကိုယ့်ဝမ်းနာ ကိုယ်သာ သိပါသည်။ ကိုကိုဂိုဂိရဲ့ စာရေးဖလေးနဲ့ အိမ်လခနဲ့ အိမ်သုံးစရိတ် နောက် မီတာခ ရပ်ကွက် သာရေး နာရေးကိစ္စလေးတွေနဲ့ လောက်ငေးအောင် သုံးနေသည့် ကိုယ့်အကြောင်းပဲ ကိုယ်ပဲ သိသည်။

"ဖရဲမတို့များ အသစ်ပေါ်နေတာ ဝယ်ဝတ်ပါအေ။ ကျုပ်နိုးများ ကွာပျံ။ ကျုပ်ကတော့ ပေါ်တာနဲ့ ပေါ်တဲ့အဆင် ကိုယ်ပေါ်ရောက်ပြီသားပဲ"

အင်း တစ်ဦးနဲ့ တစ်ဦးကတော့ ဘယ်တူမလဲလေ။ ကိုယ့် ဝိသာနဲတကတော့ အဝတ်အစားသာ ပေါ်တိုင်း မဝတ်တာ။ ဟင်းကတော့ ကောင်းကောင်း ချက်ခဲ့ပေးရှိသည့် ဖရဲမတို့ ဝိသားရုပါပေ။

'အမယ်လေး အဝတ်အစားများ မိဖရဲတို့က ကိုကိုဂိ ဂျပန်မှာ ရှိတုန်းက ဝယ်ဝတ်ပို့တဲ့ ဂျပန်ကဗီမိုနိုတည်ထွေများ ဘီဒိုထဲမှာ ချုပ်ခ မတတ်နိုင်သေးလို့ ပြည့်သိပ်နေအောင် ထည့်ထားတာ ခေါ်များ ပြလိုက်ချင်ပါရဲ့၊' အပြင်တော့ ထုတ်ဖော် မပြောမိပဲ စိတ်ထဲကနေ ပြောနေလိုက်သည်။

ဒီနေ့လည်း ဈေးသွားဖို့ ခြင်းတောင်းဆွဲပြီး ထွက်တော့ မမတို့က် ပြေးလိုက်လာပြီး ဈေးမှာပြန်သည်။

"ညီမဖရဲရေ... မမ မှာချင်လို့"

"သြော် မမတို့က် ပြော"

"အမဲသား စတစ်ဆယ်သားလောက် ဝယ်ခဲ့ပေးပါဦး"

မမတို့က် ဈေးမှာနေတုန်း ဘေးမှ ဖြတ်သွားသော ဒေါ်ဘလက်က ဘာကို နယ်စွန်းနယ်ဖျား ကြားသည်မသိ။

"ဒီမှာ ဒီမှာ"

နှစ်ယောက်သား တစ်ပြိုင်တည်းကြည့်မိသည်။ ဘယ်သူ့ခေါ်မှန်းမသိ၍ ဖြစ်သည်။

"ကျန်မဘာသာ အသားမည်းတာ ရှင်တို့ အပူ ဘာပါလို့လဲ"

"ရှင်"

"ဟင်"

"အိုဘားမားတောင် ဖြူတယ် မည်းတယ် တစ်ခါဖူးမှ မပြောဖူးဘူး။ ကျွန်မ အသားမည်းတာ ရှင်တို့ ထမင်း သိရှိရပါတယ်။ ဖုန်းဟန်းဆက်ထုတ်လုပ်သူများ အတွက်တော့ စိတ်ဝင်စားဖွယ်အချိန်ဖြစ်ကြောင်း ပြောကြားသွားပါတယ်။ ဝါသနာအရ ချက်ချင်း စမ်းသပ် အသုံးပြုချင်သူများအတွက်တော့ Google groupမှာရှိတဲ့ AOSPမှာ သတင်းအချက်အလက် အပြည့်အစုံကို ရရှိနိုင်သည်ဟုလည်း ဆိုထားပါတယ်။

Android 4.1 Jelly Bean Source Code ထွက်ပြီ

Webbie



ဓါတ်ပုံ- အင်တာနက်

Open Source Structureအဖြစ် အမည်ဆောင်တဲ့ Googleမှ Android Project Technical Lead တစ်ဦးဖြစ်သူ Jean-Baptiste Queruသည် နောက်ဆုံးမျိုးဆက် Android 4.1 Jelly Bean Source Codeကို July 9 ရက်နေ့မှာ Manyfactureတွေအတွက် အင်တာနက်ပေါ် တင်ပေးလိုက်ပြီ ဖြစ်ပါတယ်။ ဤ Binaries ကိုတော့ Nexus 7, Galaxy Nexus, Nexus 5တို့မှာ စမ်းသပ်နိုင်မည်ဖြစ်ပြီး များမကြာခီမှာတော့ Motorola Xoomအတွက်ပါ ထုတ်လုပ်သွားမည်ဟု သိရှိရပါတယ်။ ဖုန်းဟန်းဆက်ထုတ်လုပ်သူများ အတွက်တော့ စိတ်ဝင်စားဖွယ်အချိန်ဖြစ်ကြောင်း ပြောကြားသွားပါတယ်။ ဝါသနာအရ ချက်ချင်း စမ်းသပ် အသုံးပြုချင်သူများအတွက်တော့ Google groupမှာရှိတဲ့ AOSPမှာ သတင်းအချက်အလက် အပြည့်အစုံကို ရရှိနိုင်သည်ဟုလည်း ဆိုပါတယ်။

Anonymousတွေ လူသား ကောင်းကျိုးအတွက် Hack

Webbie

ဓါတ်ပုံ- အင်တာနက်

Hack အဖွဲ့အစည်းတစ်ခုဖြစ်သည့် Anonymousသည် စီးပွားရေးနှင့် အစိုးရ ဝက်ဘ်ဆိုဒ်များကို မနောင့်ယှက်တော့ဘဲ ရန်သူအသစ် တွေ့သွားပြီဟု ကြေညာလိုက်သည်။ ယခုအခါ ထိုအဖွဲ့မှ Operation Pedo Chatဟု အမည်ပေး၍ ပြီးခဲ့သည့်အပတ်မှ စတင် တိုက်စစ်ဆင်နေပြီး Twitterမှာလည်း #OpPedoChat အမည်ဖြင့် လှုပ်ရှားမှုများကို ဖော်ပြထားသည်ဟု သိရသည်။

Bulletin Board ကြားထဲမှာ ရှိတယ်လို့လဲ သတင်းများက ဖော်ပြထားပါတယ်။ အဆိုပါ websiteကတော့ Lady Ga Ga ပံပိုးပေးခဲ့တဲ့ ကုမ္ပဏီအသစ်တစ်ခုဖြစ်တဲ့ Backplaneအတွက် ခြေလှမ်းတစ်ခုဖြစ်စေသည်ဟုလည်း ဆိုထားပါတယ်။

Lady GaGaရဲ့ ကိုယ်ပိုင် Social Network

Webbie

ဓါတ်ပုံ- အင်တာနက်

Lady GaGaရဲ့ ချစ်ဖရိတ်သတ်အားလုံး စောင့်မျှော်နေကြတဲ့ သူမရဲ့ ကိုယ်ပိုင် Social Network တစ်ခုဖြစ်တဲ့ littlemonsters.comကို private betaအဖြစ် အင်တာနက်ပေါ်မှာ လွှင့်တင်လိုက်ပြီ ဖြစ်ပါတယ်။ ဒီ ဆိုဒ်ကတော့ ကမ္ဘာ့ပေါ်မှာ နာမည်ကျော်ကြားတဲ့ အနုပညာရှင်များရဲ့ ပထမဆုံး ကိုယ်ပိုင် Social Networkလို့ ဆိုရလောက်ပေမယ့်လည်း သူမရဲ့ Facebook fan pageနဲ့ ဆက်စပ်ပြီးမှ အသုံးပြုလို့ရမယ်လို့လည်း သိရပါတယ်။

Littlemonstersရဲ့ အသွင်အပြင်လေးကတော့ သိပ်မကြာသေးမီက နာမည်ကျော်လာခဲ့တဲ့ Pinterest.comနှင့် websiteတွေ စတင်ဒေတာစိုးရိမ်က ကျေးဇူးထားရလို့လား "

အဝ ဒုက္ခ။ ဒီမိန်းမကြီး ဒေါ်ဘလက်တော့ ဘလိုင်းကြီး ရန်လာတွေ့နေသည်။

"ဒီမှာ ဒေါ်ဘလက်ရဲ့၊ ဖရဲမက ဈေးသွားမလို့ ပြောလို့ လိုချင်တဲ့ အမဲသား မှာနေတာကို ရှင်က ဘာတွေ လာပြောနေတာလဲ"

"အယ်... ဟုတ်လား။ မသိဘူးလေ။ ကျန်မက ကျန်မ အသားမည်းတာကို ရှင်ပတ်ရှန်ယောက် အတင်းပြောနေတယ် ထင်လို့။ ဆောရီးပါရှင်"

ပြောပြောဆိုဆို ဒေါ်ဘလက် တစ်ယောက် မျက်နှာမဲ့ပြီး မျက်စောင်း ထိုးရင်း ဝမ်းကို စွန့်တောင်ခွေလို့ လှည့်ထွက်သွားလေတော့သည်။

ကျန်လည်း ကိုးတိုး ဂရေ့ထွတ်ရင်း

"အတော်ခက်တဲ့ ရပ်ကွက်ထဲက လူတွေပဲ"

"ကဲ နေမှုခင် ဈေးအမြန်ပြေးပြီးမှ တော်ကြာ သူများ မဝယ်တဲ့ အကြွင်းအကျန်တွေ ကျန်နေဦးမယ်"

ထုံးစံအတိုင်းပေါ့။ ဈေးက ပြန်လာတော့ ဖရဲမတို့ မျက်နှာချိုသွေးပြီး

"မမတို့က် ရေးမှာနေတုန်း ဘေးမှ ဖြတ်သွားသော ဒေါ်ဘလက်က ဘာကို ပြောသွားသလဲ"

"ဘာမှ မပြောပါဘူး"

"ဘာမှ မပြောပဲ ဘယ်လိုလုပ် ဒေါသတွေ့ပြီး ဘယ်လိုလုပ် ဒီလောက် ဆိုးသွားရတာလဲ"

"ဘာမှ မဟုတ်ပါဘူး"

"ဘာမှ မဟုတ်ပဲ ဒီလောက



ရထား

နောက်ပိုင်းထွက်လာတဲ့ ဂိမ်းအများစုက တော်တော်လေးကို ရှုပ်ပေါက်လာတယ်လို့။ ဇာတ်လမ်းတွေကလဲကောင်း ရှုပ်ထွက်တွေကလဲ ကောင်းဆိုတော့ ကစားရတာလဲမိုက် game storyလေးတွေ ကြည့်ရတာလဲ မိုက်ဆိုတော့ ဘာလို့သေးလဲဆိုတာဘဲ မေးရတော့မလို့ ဖြစ်နေပြီ။ တကယ်ပါ gamerတွေတော့ မပြောတတ်ဘူး ကျွန်တော်ကတော့ story မိုက်တဲ့ ဂိမ်းတွေဆိုရင် story ကြည့်နေရတာနဲ့ဂို့ ဂိမ်းကို ဒီလောက် မဆော့ချင်တော့ဘူး။ ဖြစ်နိုင်ရင် အဲဒီဇာတ်လမ်းကို အပြီးထိ ကြည့်ချင်တာ။ ရုပ်ထွက်တွေက ကောင်းတော့ ဂိမ်းထဲမှာပါတဲ့ ဇာတ်လမ်းတွေက ရှုပ်ရှင်ကားကောင်းတစ်ကားလိုဘဲ ဆွဲဆောင်မှုရှိပါတယ်။ ပြောရင်တာကတော့ အဲ့လိုဇာတ်လမ်းတွေ ဂိမ်းတွေကို စီစဉ်နေကြတဲ့ developerတွေ၊ animation သမားတွေ၊ directorတွေ၊ ထုတ်လုပ်သူတွေ အကုန်လုံးကောင်းမှ ဂိမ်းကောင်းတစ်ခု ဖြစ်လာတာကိုပါ။ Developer Arkane Studiosနဲ့ Publisher Bethesda Softworksတို့ ပေါင်းပြီး ပုံဖော်ထားတဲ့ Dishonored ဂိမ်းဟာ graphic၊ story အကုန်လုံး မိုက်တဲ့ ဂိမ်းတစ်ခုပါ။ ပြင်သစ်နိုင်ငံက ဒီ developer (Arkane Studios)တွေက ဂိမ်းတွေ ရေးတာ နည်းတဲ့သူတွေပါ။ သူတို့တွေနဲ့ Bethesda Softworksနဲ့ ပေါင်းထားတယ်ဆိုတော့ ဘာလဲဆိုတာကို သိဖို့ ဆော့ကြည့်ရတော့မှာပါ။

Director Sebastien Mittonရယ် Zenimax visual design director Viktor Antonovရယ် ပြီးတော့ Arkane Studios အဖွဲ့တွေ ပေါင်းပြီးတော့ ဒီ Dishonoredကို Dunwallဆိုတဲ့ မြို့လေးမှာ အစပြုထားကြတယ်။ ဂိမ်းရဲ့ storyလေးကလဲ တော်တော်မိုက်တယ်။ Dunwall မြို့လေးက စက်မှုလက်မှု တော်တော်ထွန်းကားတဲ့ မြို့လေးတစ်ပြို့ပါ။ အဲဒီမြို့ရဲ့ ဘုရင်မတစ်ပါးကို သက်တော်စောင့် လုပ်ပေးရတဲ့ သူတစ်ယောက် ရှိပါတယ်။ အဲဒီ သက်တော်စောင့်က ဒိဂိမ်းရဲ့ ဇာတ်လိုက်မင်းသားကြီးပါဘဲ။ သူက ဘုရင်မအနားမှာ အမှုတော်ထမ်းရင်း ကောက်ကျစ်တဲ့လူတစ်ရဲ့ကြောင့် ဘုရင်မရဲ့ အထင်လွဲမှုကို ခံရပြီး အကျဉ်းကြသွားခဲ့ပါတယ်။ ဇာတ်လမ်းက အဲဒီမှာ စတာပါ။ ဘုရင်မရဲ့ သက်တော်စောင့်ဆိုတော့ အစွမ်းထက်ပါတယ်။ ဂိမ်းရဲ့ ဇာတ်လိုက်မင်းသားက ကိုယ်ရောက်ရင်တဲ့နေရာကို အလျှင်အမြန် ခုန်ပျံသွားနိုင်တဲ့အပြင် အသွင်ပြောင်းလို့ပါ ရသေးတယ်။ အသွင်ပြောင်းတယ်ဆိုတာ လူတစ်ယောက်အထဲ ဇဏ်ဝင်ပြီး အဲဒီလူရဲ့ ပုံစံအတိုင်းဖြစ်အောင် အသွင်ပြောင်းတာပါ။ လက်နက်တွေကတော့ သေနတ်ရယ်၊ ဖြားသေနတ်ရယ်၊ ဓားဖြောင့်စတဲ့ လက်နက်တွေကို အများဆုံး အသုံးပြုရမှာပါ။ ဇာတ်လိုက်မင်းသားဟာ တကယ်တော့ ဒီဂိမ်းလေးထဲမှာ Assassin တစ်ယာက်လို ဂလိစား ချေရဲ့ ပုံစံမျိုးပါ။ သူ အကျဉ်းထောင်ကျနေရာကနေ လွတ်မြောက်လာပြီး Dunwall မြို့လေးထဲမှာ စပြီး ပြဿနာတွေ ရှာပါတယ်။ သူ့ကို ကောက်ကျစ်ခဲ့တဲ့ လူတွေကို ရှာပြီး ပြန်သတ်တဲ့ ပုံစံမျိုးပါ။

ဒါပေမဲ့ ဒီဂိမ်းထဲမှာ အများဆုံး တိုက်ခိုက်ရမဲ့ ရန်သူတွေက မင်းမှထမ်း စစ်သားတွေနဲ့ တိုက်ခိုက်ရမှာပါ။ ခြေထောက်အရှည်ကြီးတွေ တပ်ထားတဲ့ လူထိန်းချုပ်တဲ့ စက်ရုပ်ကြီးတွေနဲ့လဲ တိုက်ခိုက်ရမှာပါ။ Open World ပုံစံမျိုး ဆောနိုင်တဲ့ Dishonored ဂိမ်းဟာ First Person Action ဂိမ်းအမျိုးအစား ဖြစ်ပါတယ်။ Game modeက single player ပါ။ Dishonored ဂိမ်းကို Demo အနေနဲ့ ဆော့လို့ ရနေပြီဖြစ်တာကြောင့် gamer အများစုကလဲ ကြိုက်နှစ်သက်ပါတယ်။ October 9, 2012 ရက်နေ့မှာ ထွက်မဲ့ Dishonored ဂိမ်းကို ဘာတွေ ကောင်းသလဲလို့ သိချင်ရင် သင်ကိုယ်တိုင် ဆော့ကြည့်ပါလို့ဘဲ ပြောပါရစေတော့။

ADVERTISEMENT

ကွန်ပြူတာထိန်းအရောင်းစနစ်
Barcode System
သင့်ဆိုင်ရဲ့ဇောင်းနှုန်းဝန်ဆောင်မှုကိုမနုပဲပြင်ဆင်ပေးပါ
ရုပါမားကတ်နှင့် အရောင်းဆိုင်ကြီးများအတွက် အစိမ်းရောင် Supermark Manager
အရောင်းဆိုင်အားလုံးနှင့် လုပ်ငန်းရှင်များအတွက် အပြာနုရောင် MINI seller
EXCELLENT Softwares & Games for PC, PS2, PSP
ရန်ကုန်မြို့ အမှတ်(၁၀၉)၊ အနော်ရထာလမ်း။ ၃၇ ၃၈ကြား။ ကျောက်တံတား။
မန္တလေးမြို့ ၎၃လမ်း၊ ၂၉ ၃၀ကြား။
ပြင်ဦးလွင်မြို့ လားရှိုးလမ်း၊ အာရောဂျံဆေးခန်းအရှေ့။
မော်လမြိုင်မြို့ အမှတ် (၄)၊ ရတနာမြိုင်ဝေးသံသွင်းရှေ့။
Ph: , 01253736 - 0232923 - 0991037190 - 095322461 - 0973213293 - 0943004860

GAME NEWS

Counter-Strike Hitting Consoleကို PCဟားရှင်းအဖြစ် ထုတ်ဝေမည်

နေလင်းအောင်

ဓါတ်ပုံ- အင်တာနက်

Counter-Strike ဟားရှင်း ထုတ်လုပ်သွားမည်ဟု Valve Software ကုမ္ပဏီက ပြောကြားခဲ့ပါတယ်။

အဆိုပါ Counter-Strike ဟားရှင်းအသစ်အား PlayStation Network, Xbox Live Arcade, PCနှင့် Macများတွင် ကစားနိုင်ရန် ထုတ်ဝေသွားမှာ ဖြစ်ပြီး ခန့်မှန်းခြေအားဖြင့် $15 လောက် ကုန်ကျမည်ဖြစ်ကာ ယခုနှစ် August 21တွင် ဖြန့်ချိမှာ ဖြစ်ပါတယ်။ Courtesy of Valveနှင့် Hidden Path Entertainment (Counter-Strike: Source)၏ ထင်မြင်ချက်အရ၊ Gridအား လျော့ချမှုကို သိသာစွာ တွေ့မြင်ရမှာ ဖြစ်တယ်လို့ ဆိုပါတယ်။ ယခု ဟားရှင်းထုတ်ဝေမည့် သတင်း မထွက်ပေါ်မီ တစ်ပတ်အရင်က Los Angelesမှာရှိတဲ့ GI teamက ထင်မြင်ချက်များ ပေးသွားခဲ့ပါသေးသည်။

2K Gamesမှ ဂိမ်းသစ် တစ်မျိုး စတင် ရောင်းချ

နေလင်းအောင်

ဓါတ်ပုံ- အင်တာနက်

United States အခြေစိုက် 2K Games Companyမှ Sid Meier's Civilization V: Gods & Kingsဟူသော ဂိမ်းသစ်တစ်မျိုးအား စတင်ပြသရောင်းချခဲ့ကြောင်း သိရသည်။ PC, PlayStation, Xboxတွင် ကစားနိုင်ပြီး ဂိမ်းပေါင်းများစွာအား တီထွင်ဖန်တီးခဲ့တဲ့ 2K Gamesမှ ယခုထုတ်လုပ်လိုက်တဲ့ Sid Meier's Civilization V: Gods & Kings ဂိမ်းကတော့ PC Versionဖြင့်သာ ကစား၍ ရသေးကြောင်း သိရသည်။ Gods & Kingsတွင် 27 new units ပါဝင်ကာ၊ 13 new buildingsစတဲ့ functionတွေ ပါဝင်ပါတယ်။ အဆိုပါဂိမ်းအား Microsoft Windows, Mac OS X, Cloud (OnLive) စတဲ့ Platform(s)များတွင် ထည့်သွင်းကာ ကစားနိုင်မည် ဖြစ်သည်။

Dota 2အား အခမဲ့ ကစားနိုင်ပြီ

နေလင်းအောင်

ဓါတ်ပုံ- အင်တာနက်

Dotaဟာ ဂိမ်းကစားသူ Gamer တော်တော်များများ ကစားကြတဲ့ နာမည်ကြီး ဂိမ်းအမျိုးအစားတစ်ခု ဖြစ်ပါတယ်။ ထိုကဲ့သို့ ကစားကြရာတွင် Local ကွန်ယူတာ အချင်းချင်း networkမှတစ်ဆင့် ချိတ်ဆက်ကစားသူသာ များပြီး၊ ကုန်ကျစရိတ် သက်သက်သာသာနဲ့ အသုံးပြုသူတွေကို စွဲဆောင်နိုင်မယ့် ပုံစံမျိုးများကို Dota 2က အွန်လိုင်းတွင် ကစားနိုင်ရန် ပြုလုပ်ခဲ့ကြပါတယ်။ Dota 2အား အခမဲ့ ကစားနိုင်ပြီဖြစ်ကြောင်း သိရပြီး Gamerများသည် game storeရှိ အခြားဂိမ်းများကိုလည်း အချိန်တိုအတွင်း တစ်ပြိုင်နက် ကစားနိုင်မည်လည်းဖြစ်သည်။ မကြာသေးမီက offical blogအဖြစ် www.dota2blog.comအဖြစ် ပြောင်းရွှေ့ခဲ့ပါသေးသည်။

Peter Mooreက EA CEO ဖြစ်လာ

နေလင်းအောင်

ဓါတ်ပုံ- အင်တာနက်

Peter Mooreက ယခင် EA Game Companyမှ CEOဖြစ်သူ John Riccitielloရဲ့ နေရာကို ယူလိုက်တယ်လို့ သိရပါတယ်။ Mooreသည် ယခုလက်ရှိ EAရဲ့ Chief Operating Officerအဖြစ် တာဝန်ထမ်းဆောင်ပျက်ရှိကြောင်း၊ ဒါ့ပေမဲ့ GameFrontမှ သူ့ကို ရာထူးတိုးပေးခဲ့ကြောင်း သိရပါတယ်။ John Riccitielloကတော့ 2007 ခုနှစ်ကစပြီး EAမှာ တာဝန်ထမ်းဆောင်ခဲ့တယ်လို့ သိရသည်။ ယခု CEO အပြောင်းအလဲအပြီးတွင် EAရဲ့ စတော့ရှယ်ယာဈေးများလည်း ကျခဲ့ပါတယ်။

EAဟာ ဂိမ်မာများ နှစ်သက်ကြသော Battlefield 3, Star Wars: The Old Republic, SimCity, FIFA Soccer 13နှင့် Crysis 3စတဲ့ နာမည်ကြီးဂိမ်း အများအပြား ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

ကားတွေရဲ့ အနာဂတ်

ရဲရဲ

From Page - 7

အစိုးရသစ်လက်ထက်မှာ ကားတင်သွင်းခွင့်ကို ယာဉ်အိုယာဉ်ဟောင်း အပ်နှံပြီး ကားသစ်တင်သွင်းခွင့်ရသူတွေ၊ နိုင်ငံခြားသဘော်လိုက်သူတွေ၊ နိုင်ငံခြား အလုပ်လုပ်သူတွေ၊ ပညာတော်သင်ကျောင်းသားတွေ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်နေကြတဲ့ လုပ်ငန်းရှင်တွေနဲ့ ပို့ကုန်၊ သွင်းကုန် ကုမ္ပဏီတွေကိုသာ ပါမစ်နဲ့ ကား တင်သွင်းခွင့်ပြုခဲ့ပါတယ်။ အဲဒီနောက်တော့ ကားတင်သွင်းခွင့်ကို တစ်ဆင့်ချင်း တစ်ဆင့်ချင်း ဖွင့်ပေးခဲ့ပြီး အခုဆိုရင် မေလ ၇ ရက်နေ့က တရားဝင် ထုတ်ပြန်လိုက်တဲ့ ကားတင်သွင်းခွင့် မူဝါဒကြောင့် နိုင်ငံသားတိုင်း ဘယ်သူမဆို ၂၀၀၇ ခုနှစ်အထက် မော်တော်ယာဉ်တွေကို ပါမစ်မလိုပဲ တင်သွင်းခွင့် ပြုလိုက်ရာက မြန်မာနိုင်ငံဝင်ငွေကို မော်တော်ယာဉ်ပေါင်းစုံဟာ ပြိုဆင်းလာသလိုလို တင်စားရလောက်အောင် ဝင်ရောက်လာခဲ့ ပါပြီ။ လုပ်ငန်းသုံးယာဉ်တွေ၊ အဝေးပြေးခရီးသည်တင်ယာဉ်တွေ၊ ဘတ်(စ်)ကားတွေ၊ အိမ်စီးကားတွေ အားလုံးသော ကားတွေဟာ ပုံသဏ္ဌာန်အမျိုးမျိုး၊ အရွယ်အစားအစုံစုံနဲ့ကို လမ်းမတွေပေါ်မှာ ပြေးလွှားနေကြသလို ကားရောင်းချကြတဲ့ Show Room အသီးသီးမှာလဲ ဝယ်ယူစီးနင်းနိုင်ရန် အသင့်အနေအထားနဲ့ နေရာယူထားကြပြီးပါပြီ။ နောက်ထပ်လည်း ဝင်ရောက်လာဖို့ ရှိနေပါသေးတယ်။ တင်သွင်းလာကြတဲ့ ကားတွေဟာ အကြမ်းဖျင်းအားဖြင့် လမ်းကြောင်း သုံးခုလောက်နဲ့ ဝင်လာကြတာပါ။ ပထမလမ်းကြောင်း နိုင်ငံခြားကုမ္ပဏီတစ်ခုက ပြည်တွင်းမှာပဲ ကားသစ်တွေကို ထုတ်လုပ်ဖြန့်ဖြူးတဲ့ လမ်းကြောင်း၊ ဒုတိယလမ်းကြောင်းက ပြည်ပနိုင်ငံတစ်ခုခုမှာ အခြေစိုက်တဲ့ ကားထုတ်လုပ်ဖြန့်ဖြူးတဲ့ ကုမ္ပဏီဆီကနေ ကားအမျိုးအစားတစ်ခုတည်းကို ပြည်တွင်းကုမ္ပဏီတစ်ခုက တစ်ဦးတည်းကိုယ်စားလှယ်ရယူပြီး တင်သွင်းရောင်းချတဲ့ လမ်းကြောင်းနဲ့ တတိယလမ်းကြောင်းကတော့ ပြည်တွင်းကုမ္ပဏီတွေက ကားအရောင်းစင်တာ ဖွင့်လှစ်ပြီး ဝယ်လိုအားများနိုင်တဲ့ ကားတွေကို တင်သွင်းရောင်းချကြတဲ့ လမ်းကြောင်းတွေနဲ့ ရောက်ရှိလာကြတာ ဖြစ်ပါတယ်။

ပထမလမ်းကြောင်းနဲ့ ဒုတိယလမ်းကြောင်းတို့ကနေ ဝင်ရောက်လာကြတဲ့ ကားအသစ်တွေအနေနဲ့ ရောင်းချပြီး နောက်ပိုင်း ဝန်ဆောင်မှု - After Sale Serviceကို စဉ်းစားဖို့ မလိုလောက်ပေမယ့် တတိယ လမ်းကြောင်းက ကားတွေအတွက်တော့ စဉ်းစားစရာတွေ ရှိလာခဲ့ပါတယ်။

ပထမဆုံး စဉ်းစားရမှာက အဲဒီ ကားတွေ အများစုဟာ အသစ်စက်စက် ကားတွေ မဟုတ်ဘဲ မှုခင်းနိုင်ငံတွေမှာ အသုံးပြုပြီးသား ကား Used Careတွေ ဖြစ်နေကြတာပါပဲ။ အသုံးပြုပြီးသား ကားတွေ ဖြစ်ကြတဲ့အတွက် ကားတွေရဲ့ နေကုက်ကြောင်းရာဇဝင်ကိုပါ သိနိုင်ရင် ကောင်းပေမယ့် တင်သွင်းလာတဲ့ ကားတွေ လေလံအဆင့် သတ်မှတ်ရာမှာ ကားရဲ့ မောင်းနှင်ပြီး ကီလိုမီတာနဲ့ ဂျက်ဖြင်တွေ့ရတဲ့ အချက်အလက်တွေကိုသာ သိရှိရပြီး ကျန်အရေးကြီးတဲ့ အချက်အလက်တွေကို မသိရှိရတာပါ။ ကားတစ်စီးချင်းစီရဲ့ အသေးစိတ်အချက်အလက်တွေကို ရောင်းချတဲ့သူတွေ သိခွင့်ပေးသလောက်သာ ဝယ်ယူမယ့် သူတွေက သိမှာပါ။ ဘယ်အချက်တွေကို ဖုံးကွယ်ပြီး ဘယ်အချက်တွေကို သူတို့က ပွင့်ပွင့်လင်းလင်းပြောပြနိုင်မှာလဲဆိုတာလဲ ထည့်သွင်းစဉ်းစားရမှာပါ။ နောက်တစ်ချက်အနေနဲ့ ကားတွေ တည်ဆောက်ရာမှာ ပါဝင်တဲ့ပစ္စည်းတွေဟာ အများစုဟာ ပြုလုပ်ထားကြတာမို့ တစ်ရှိန်ရှိန်မှာ ယျက်စီးနိုင်တယ်ဆိုတဲ့ အချက်ပါ။ နောက်ပိုင်းတင်သွင်းလာတဲ့ ကားတွေဆိုရင် သုံးစွဲနေရင်း သုံးစွဲနေသူကို စိတ်ကျေနပ်မှု အများစုပေးနိုင်တဲ့ ပစ္စည်းတွေများစွာ ပါဝင်လာပါတယ်။ ကောင်းတဲ့အချက်တွေပေမယ့် အဲဒီပစ္စည်းတွေဟာလည်း ယျက်စီးတာတဲ့အရာတွေမို့ အဲဒီစက်ပစ္စည်း အစိတ်အပိုင်းတွေ ယျက်စီးခဲ့ရင်ဆိုတာကို ထည့်တွက်ရပါတော့မယ်။ အထက်ကပြောခဲ့သလို ကားတွေများပြားသလောက် တံဆိပ်တစ်မျိုးတည်းနဲ့ ကားတစ်စီးမှာတောင် ကားပုံသဏ္ဌာန်အမျိုးမျိုး ရှိသလို ပါဝင်တပ်ဆင်ထားတဲ့ စက်ပစ္စည်းတွေကလဲ အမျိုးမျိုး ရှိကြမှာပါပဲ။

ကားတစ်စီးချင်းစီရဲ့ မော်ဒယ် ကွာခြားသလို တပ်ဆင်သုံးစွဲထားတဲ့ စက်ပစ္စည်း အစိတ်အပိုင်းအမျိုးကလည်း ကွဲပြားသွားကြပါတယ်။ တံဆိပ်တစ်မျိုးတည်းမှာတောင် ပါဝင်တဲ့အစိတ်အပိုင်းတွေ ကွဲပြားနေပါတယ်ဆိုရင် အခုတင်သွင်းလာတဲ့ ကားအရေအတွက်နဲ့ ကားအမျိုးမျိုးမှာ ပါဝင်တဲ့ စက်ပစ္စည်းတွေ ဘယ်လောက်များများပြားပြား နေလိမ့်မလဲ။ ကားတွေမှာ စက်ပစ္စည်း အစိတ်အပိုင်းတွေ များစွာပါဝင်ပေမယ့် ဥပမာတစ်ခုအနေနဲ့ ကားရဲ့ အဓိက အစိတ်အပိုင်း တစ်ခုဖြစ်တဲ့ အင်ဂျင်နဲ့ အဲဒီ အင်ဂျင်နဲ့ဆက်စပ်နေတဲ့ အီလက်ထရောနစ်ကတ် - Electronic Card တို့ကိုပဲ ပြောကြည့်ပါမယ်။ ဒီအင်ဂျင်တွေဟာ ကုမ္ပဏီတစ်ခုတည်းက ထုတ်လုပ်ကြတာတွေပေမယ့် မော်ဒယ် နံပါတ်တစ်ခု ပြောင်းလဲသွားတာနဲ့ပဲ စက်ပစ္စည်းတို့ရဲ့ ပုံသဏ္ဌာန်နဲ့ အတိုင်းအတာတို့ဟာ အနည်းငယ်စီ ကွဲပြားသွားတတ်ကြပါတယ်။ တချို့အင်ဂျင်အစိတ်အပိုင်းတွေဟာ ပုံသဏ္ဌာန်တူ၊ အတိုင်းအတာတူသည်ကြလို့ တစ်ခု ပျက်စီးသွားရင် အခြား တစ်ခုနဲ့ အစားထိုး အသုံးပြုလို့ရပေမယ့် အခြေအတွက် အနည်းငယ်လောက်သာ အသုံးပြုလို့ ရနိုင်တာပါ။ ပြုပြင်ပြီး အစားထိုးသုံးကြမယ်ဆိုရင်လဲ မူလအစိတ်အပိုင်းလောက်တော့ မကောင်းနိုင်ပါဘူး။ စက်ပစ္စည်းတွေကို အစားထိုး အသုံးပြုရာမှာ မရှိ သုံးတော့ သုံးလို့ကြိတာမျိုးဆိုတဲ့ အတွေးနဲ့ ဖြစ်နေတဲ့ ပြဿနာကို ဖြေရှင်းကြတာဟာ အလွန်အန္တရာယ်များတဲ့ ဖြေရှင်းမှုမျိုးပါ။ အင်ဂျင်နဲ့ဆက်စပ်တဲ့ အီလက်ထရောနစ်ကတ်တွေကလည်း ကွန်ပျူတာနဲ့ ချိတ်ဆက်ပြီးမှ အင်ဂျင်မှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို စစ်ဆေးကြရတာပါ။ အဲဒီကမှတစ်ဆင့် အင်ဂျင်မှာဖြစ်နေတဲ့ အပြစ်အနာအဆာတွေကို ရှာဖွေပြီး ပြုပြင်ရာရှိတာကို ပြုပြင်ရတာပါ။ အဲဒီ အီလက်ထရောနစ်ကတ်တွေကို စစ်ဆေးဖို့ကလည်း ကွန်ပျူတာရှိရုံနဲ့ အဆင်မပြေတာ မဟုတ်ဘဲ၊ ကွန်ပျူတာမှာသက်ဆိုင်တဲ့ Software ထည့်သွင်းထားမှသာ ချိတ်ဆက်ပြီးသုံးစွဲလို့ရမှာ ဖြစ်ပါတယ်။ ကားမှာ ပြဿနာတစ်ခုခုဖြစ်နေပြီဆိုရင် ဝန်ဆောင်မှုပေးတဲ့ ပညာရှင်က ကားမှာပါတဲ့ အီလက်ထရောနစ်ကတ်တွေကို ကွန်ပျူတာနဲ့ ချိတ်ဆက်ပြီး ပြစ်ချက်တွေကို ရှာဖွေရပါမယ်။ ပညာရှင်က စမ်းသပ်စစ်ဆေးလိုက်လို့ ပြစ်ချက်ကို တွေ့ပါပြီ။ အဲဒီပြစ်ချက်ကလည်း စက်ပစ္စည်းအစိတ်အပိုင်းတစ်ခုကို အသစ်လဲလှယ်လိုက်မှ ကောင်းသွားမယ့် ပြစ်ချက်ဖြစ်နေရင် အဲဒီစက်ပစ္စည်းအသစ်ကို ဘယ်က ရရှိနိုင်မှာပါလဲ။ နောက်ပြီး အဲဒီအင်ဂျင်နဲ့ ဆက်စပ်နေတဲ့ အီလက်ထရောနစ်ကတ်ကပါ တကယ်လို့ ပျက်စီးနေခဲ့ပြီ ဆိုပါရင် ဘယ်ကုမ္ပဏီကနေ ဝယ်ယူရရှိနိုင်မှာပါလဲ။ ဒါမှမဟုတ် ဘယ်သို့သော Workshopကနေ ရရှိနိုင်မှာပါလဲ။ ဘယ် ကားအရောင်းစင်တာကနေ တာဝန်ယူပြီး မူလထုတ်လုပ်ဘဲ နိုင်ငံတွေဆီကနေ ဝယ်ယူပေးနိုင်ပါ့မလဲ။ တင်သွင်းရောင်းချနေကြတဲ့ ကားဝန်ဆောင်မှု ကုမ္ပဏီတွေအနေနဲ့လည်း နိုင်ငံတကာ စံချိန်စံကားတွေ ဖြစ်ပါတယ်။ ရောနှစ်း အသက်သာဆုံးဖြစ်အောင် ဆောင်ရွက်ပေးနေပါတယ်။ ဝယ်ယူသူတို့ စိတ်တိုင်းကျဖြစ်စေဖို့ အဆင်သင့် စီးနိုင်အောင် ဝန်ဆောင်မှု ပေးနေပါတယ်ဆိုပြီး ရောင်းချပြီး နောက်ပိုင်းကားတွေရဲ့ ကြွနိုင်မှုအတွက် ဝန်ဆောင်မှုတွေပေးနိုင်ရန် ဝယ်ယူသုံးစွဲကြသူတွေအတွက် စိတ်ကျေနပ်မှု ပိုပြီးရရှိနိုင်လိမ့်မယ် ထင်ပါတယ်။ ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုဆိုရာမှာလဲ ရရေးဆေး ဆိထိုးလုပ်ပေးရုံ၊ အင်ဂျင်ပိုင်၊ ဂီယာ ပိုင်၊ ကရောင်းပိုင်တို့ကို သတ်မှတ်စံချိန်များ ရှိ၊ မရှိ စစ်ဆေးပေးရုံ၊ ဖြည့်တင်းပေးရုံ၊ ဓလေစ်၊ ဆီစစ်၊ ပိုင်စစ်နဲ့ အင်ဂျင်ပိုင်တို့ လဲလှယ်ပေးရုံ ဝန်ဆောင်မှုတွေသာမက မော်တော်ယာဉ်တွေ ရရှည်ကြံခိုင်မှုအတွက် မူလထုတ်လုပ်စဉ်က သတ်မှတ်ပေးထားတဲ့ မောင်းနှင်ပြီး ကီလိုမီတာအလိုက် ပြုလုပ်ပေးရမယ့်လုပ်ငန်းတွေကိုပါ ကျွမ်းကျင်တဲ့သူတွေနဲ့ ဝန်ဆောင်မှု ကောင်းကောင်းပေးမယ်ဆိုရင် ရောင်းသူ ဝယ်သူ နစ်ခိုနစ်ဖက် ဆက်ဆံရေးလည်း ရရှည်ကောင်းမွန်နိုင်ပြီး ပိုပြီးသာလွန်ကောင်းမွန်တဲ့ စိတ်ကျေနပ်မှုတွေကို ခံစားရရှိကြပါလိမ့်မယ်လို့ ထင်မြင်မိပါကြောင်း တင်ပြလိုက်ရပါတယ်။

မှန်ကန်စွာ ရွေးချယ်ခြင်း

မနောဖြူလေး

ဓါတ်ပုံ - stevelummer.com

လူသားတစ်ယောက်သည် မွေးဖွားသည့်အချိန်မှ စပြီး ရွေးချယ်၍ ရနိုင်သည့်အရာနှင့် ရွေးချယ်၍ မရနိုင်သည့် အရာတို့ကာ တပြိုင်နက်တည်း ပေါ်ပေါက်လာသည်ဟု ဆိုနိုင်ပါသည်။ ရွေးချယ်၍ မရနိုင်သော အရာကတော့ လူတစ်ယောက်ရဲ့ ရုပ်ရည်အဆင်းသဏ္ဌာန်ပင် ဖြစ်ပါသည်။ မည်သူမဆို ရုပ်ရည်ရူပကာ လှပချင်ပါသော်လည်း ထို ဝိဓိမွေးရာပါ အကောင်း ပကတိ ရုပ်ရည် ရူပကာအား ရွေးချယ်ပိုင်ခွင့် မရှိခဲ့ချေ။ တချို့က ပြောကြမည် ပလတ်စတစ် ဆာဂျီရီ လုပ်ရင် ရတာပဲလို့ ဆိုချင်ဆိုကြမည်။ ထိုကြောင့် အကောင်းပကတိလို့ သုံးနှုန်းထားခြင်းဖြစ်ပါသည်။ မိခင်ဖခင်တို့၏ မျိုးဗီဇအရ အသားအရေ မည်းခြင်း၊ ဖြူခြင်းရှိနိုင်သည်။ သို့သော် ရုပ်ဆင်းရူပကာမှာ လှချင်မှ လှမည်၊ ရုပ်ဆိုးချင်လည်း ဆိုးနိုင်ပေသည်။ မည်သည့် နည်းနှင့်မျှ ရွေးချယ်၍ မရနိုင်ချေ။ ကိုယ်လက်အင်္ဂါ မပြည့်မစုံနှင့် မွေးဖွားလာသည့် ကလေးများပင် အနေတဝွ ရှိပေသည်။

တစ်ဖန် ရုပ်ဆင်းရူပက လှသည့် ကလေးဖြစ်စေ၊ မလှသည်ဖြစ်စေ ထိုကလေးအဖို့ တဖြည်းဖြည်း ကြီးပြင်းလာသည်နှင့်အမျှ သူ၏ ဘဝအောင်မြင်မှုအတွက် ရွေးချယ်ပိုင်ခွင့်များက အလိုအလျောက်ရရှိပြီး ဖြစ်ပေသည်။ ရုပ်ရည်အဆင်းသဏ္ဌာန် လှပတိုင်းလည်း အနုပညာဘက်တွင် သရုပ်ဆောင်ကောင်း ဖြစ်ကောင်းမှ ဖြစ်နိုင်သလို ရုပ်ရည်အဆင်း မလှပသော်လည်း အဘက်ဘက်တွင် အောင်မြင်နေသူများ တစ်ပုံတစ်ပင် ရှိနေပါသည်။ ဒါကြောင့် အောင်မြင်မှုရရှိရန် ရွေးချယ်မှုနှင့်မကန်ဘို့ လွန်စွာ လိုအပ်လှပေသည်။

တချို့ကလေးများ ငယ်ရာဂယက်ကြီးလာစဉ်တွင် မိဘများရဲ့ ပုံစံခွက်အတိုင်း ဒါလုပ်ဆိုတဲ့ မိဘများရဲ့ စေခိုင်းချက်ကြောင့်သာ မိမိဆန္ဒမပါဘဲ လုပ်ကိုင်မှုနဲ့ သာ ရှေ့ဆက်သွားကြမည်ဆိုလျှင် အောင်မြင်ဖို့ ရန် အလွန်ဝေးကွာလှပေသည်။ မိဘစကားနားမထောင်ဖို့ ဆိုလိုခြင်းမဟုတ်ပါ။ ကိုယ့်ရဲ့ စိတ်သဘောသဘာဝမပါပဲ မည်သည့်အလုပ်မည်သည့်လမ်းကြောင်းကို ရွေးချယ်မိလျှင် ကိုယ် ဖြတ်သန်းရမည့် တက်လမ်းအတွက် အောင်မြင်မှုနှန်းထိုင်ကို ရောက်ရှိမည်ဟု မထင်မိပါ။ မိဘများက ဖြစ်စေချင်သည့် စေတနာကိုလည်း အပြစ်မတင်သင့်ချေ။ လူတိုင်းလူတိုင်းမှာ ရွေးချယ်ပိုင်ခွင့်တွေ့ ကိုယ်စီရှိသည်။ ကျွန်မတို့ ရဲ့ ရွေးချယ်ပိုင်ခွင့်တွေ့သည်လည်း ကျွန်မတို့ လက်ထဲတွင်ပင် ရှိသည်။ သို့ပိုး၊ စားပြဖြစ်နိုင်သည့်လမ်းကို ရွေးမလား။ ရွေးနိုင်သည်။ အဓိကကတော့ လမ်းကြောင်းအမှန် ရွေးချယ်နိုင်ဖို့သာ လိုပါသည်။ မြတ်စွာဘုရား လက်ထက်တွင် အဇာတသတ် မင်းသားသည် ရွေးချယ်မှုလွဲ၍ ဒေဝဒတ်နှင့် အပေါင်းမှားပြီး အဖေကိုသတ်သည့် အကျိုးဆက်များ ဖြစ်ပေါ်ခဲ့သည်။ ရွေးချယ်သည့် အယူဝါဒ လွဲမှားမှုကြောင့် သည်ဘဝတွင်သာမက နောင်ဘဝ အဆက်ဆက် အပယ်သို့ လားခဲ့မည်မှာ တွေးကြည့်ပါက အလွန်ကြောက်စရာ ကောင်းလှပါသည်။ လူတစ်ယောက်အား လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ပေးသင့်သည်။ အောင်မြင်မှုဆိုသည် ကာယကံရှင်၏ ရွေးချယ်မှုအပေါ် ကြီးစားအားထုတ်မှုရိုပါက မလွဲမသွေ ရနိုင်သောအရာ ဖြစ်သည်ဟု ယုံကြည်လာမည်သာ ဖြစ်သည်။ ဘဝအောင်မြင်မှုအတွက် ကာယကံရှင်ကသာ အဆုံးအဖြတ် ပေးနိုင်ပေသည်။ ဥပမာ ကျွန်မသည် ကိုယ်သွားချင်သော လမ်း၊ လျောက်ချင်သော နေရာကို ကိုယ်ပိုင် ဆုံးဖြတ်ချက်ဖဲ့နဲ့ မရောက်ရောက်အောင် သွားနေသော လူသားတစ်ယောက်သာ ဖြစ်ပါသည်။ လမ်းခရီးဘယ်လောက်ပင် ကြမ်းတမ်းပါစေ တစ်နေ့ဖြစ်ရမည်ဆိုသည့် အသိစိတ်ကို နှလုံးမူပြီး ဘယ်သူတွေ ဘာတွေပြောပြော အပြုံးမပျက်ပဲ ရှေ့ဆက်လျှောက်လှမ်းနေဆဲဖြစ်သည်။ ဖြစ်ချင်သည့်ဆန္ဒ ဖြစ်လာမည့် အနာဂတ် ရည်ရွယ်မျှော်မှန်းရင်း ကိုယ်တိုင်ရွေးချယ်ခဲ့သည့် လမ်းအတွက် အရင်ဆုံး ခံစားရသည်ကတော့ စိတ်ချမ်းသာမှုပင် ဖြစ်ပါသည်။ သူများ ဒါလုပ်လို့ လိုက်လုပ်တာထက် ကိုယ်တိုင် စိတ်ဝင်စားမှုနဲ့ ကိုယ်တိုင် ဆုံးဖြတ်ချက် မှန်ကန်ဖို့ အလွန်ပင်အရေးကြီးပါသည်။

တိတောင်းလူသော ရရှိလာသည်ဘဝအတွင်း စိတ်ချမ်းသာမှုသည် ဘယ်အရာများနဲ့မှ ကျွန်မအတွက် မလဲလှယ်နိုင်ချေ။ ကိုယ်တိုင် ဖြစ်မြောက်အောင် လုပ်ဆောင်သည့်အရာများသည် ကျွန်မအတွက်တော့ ကြည်နူး ဝီတိကို ခံစားရပါသည်။ ကျွန်မအတွက်တော့ အောင်မြင်မှု ထိပ်ဆုံးကို မရောက်ရှိသေးပေမယ့် ကိုယ်ရဲ့ အောင်မြင်မှု ပန်းတိုင်ကို မြင်ယောင်ရင်း ကိုယ်လျောက်သည့်လမ်း ဆူးခင်းလမ်းပင် ဖြစ်နေပါစေ ဆက်လက် လျောက်လှမ်းနေမည် ဖြစ်ပါသည်။ အများအကျိုး သယ်ပိုး ထမ်းဆောင်ရင်း သွားချင်သည့်လမ်းကို အရောက် သွားမည်လို့ ကျွန်မ၏ စိတ်ထဲတွင် ခဲ့မြဲမြံစွာ မှတ်ကျောက်တင်ထားမိပါသည်။ ကျွန်မ ပြောချင်သည်က လူတစ်ယောက်တွင် ဘဝတစ်ခုလုံးအတွက် လျောက်လှမ်းနိုင်သည့် လမ်းတွေ အများကြီးရှိသည်။ ယင်းလမ်းတွေ အများကြီးအတွင်းမှာ ကိုယ်နှင့် အလိုက်ဖက် အသင့်လျော်ဆုံး လမ်းကို ရွေးချယ်နိုင်ရပေမည်။

ဘယ်လမ်းကို ရွေးချယ်မလဲ

ဓါတ်ပုံ - isitthattime.com

"သည်လမ်းကို သည်ပန်းနှင့် သည်ခရီးကို သည်ထီးနှင့်" ဆိုသလို လိုက်ဖက်ညီသည့် အခြေအနေ ရွေးချယ်တတ်ရန်မှာ ကာယကံရှင်၏အပေါ်တွင်သာ မူတည်ပေသည်။ ကဲ၊ ဥာဏ်၊ ဝိရိယ ဆိုတဲ့စကားအတိုင်း ကံကိုပဲ ယုံပြီး ဘာမှ မလုပ်ရင်လည်း ဖြစ်လာမှာ မဟုတ်သလို ဥာဏ်ကိုပဲ အားကိုးလို့လည်း မရနိုင်ပါဘူး။ အောင်မြင်မှုကို လိုချင်ရင် ဒီသုံးချက်နဲ့လည်း ကိုက်ညီအောင် ကျင့်ကြံနေထိုင်သွားဖို့လည်း လိုအပ်လှပါသည်။ ရွေးချယ်မှု မှန်ကန်ပြီး ကြိုးစားအားထုတ်မှုလည်း ရှိပါမှ အောင်မြင်မှုဟူသည် မိမိ၏ လက်အတွင်းဝယ် ဆုပ်ကိုင်မိမည်မှာ အသေအချာပင် ဖြစ်ပါတော့သည်။

ADVERTISEMENT

Myanmar SoftCom Technology
Myanmar SoftCom Technology
Professional Training Center & Software Solution (Outsourcing)

Professional .NET Developer Course

start date at - 23.7.2012
start time at - 1:00 PM to 3:00 PM

Course HighLight

- .NET Foundation With OOP(.NET 4.0)
- Windows Application Development with C#.NET (LINQ/WWF/WCF/WinFX/SQL/ADO.NET)
- Reporting Techniques (Crystal Report/SQL Reporting Services)
- Unit Testing(NUnit)
- Web Application Development with C#.NET (ASP.NET AJAX/MVC/ORM/WPF)
- Design Pattern
- N-Tire Architecture
- MCPD:Web Developer 4.0(.NET 4.0) (Practical & Theory)
- OJT(Web/Windows)
- Domain Management & IIS(Web Server)
- OJT(Outsourcing)

.NET Developer Course တွင် Web နှင့် Windows Technique နှစ်မျိုးစလုံးကိုကျွမ်းကျင်စွာ ရေးသားတတ်မည်ဖြစ်သည်။ Microsoft ၏ Advanced Techniques များဖြစ်သော LINQ/Silverlight /ADO.NET/WPF/AJAX/...)စသည်တို့ကိုပါထည့် သွင်းသင်ကြားပေးမည်ဖြစ်သည်။

Server Management နှင့် Domain Concept များကိုပါ ထည့်သွင်းသင်ကြားပေးမည်ဖြစ်သည်။. NET Reporting များဖြစ်သော Crystal Report နှင့် SQLServer Reporting တို့ကို အခြေခံမှစ၍ ကျွမ်းကျင်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။

.NET Outsourcing များကို တာဝန်ယူရေးသားနေသော Myanmar SoftCom Technology တွင် OJT ကိုပါ တခါတည်း ပင်ရောက်လုပ်ကိုင်နိုင်မည် ဖြစ်သော ကြောင့် အတွေ့အကြုံကောင်းများစွာ ရရှိနိုင်မည်ဖြစ်သည်။

Microsoft ၏Latest Exam များဖြစ်သော MCPD:Web Developer 4.0 Microsoft Training Kit ကို Complete သင်ကြားပေးမည်ဖြစ်ပြီး Exam တို့ 100% အမှတ်ပြည့်ရရန် တာဝန်ယူသင်ကြားပေးမည်ဖြစ်သည်။

IIS7 LINQ Silverlight SQL Server 2008 msdn

Building B, Room B5, Floor B, Hlaing Yadanar Housing, Hlaing Township, Yangon, Myanmar.
Ph: 09-43177692,09-43184869,09-5401040
Web :myanmarsoftcomtechnology.com

iMOTION APPLE STORE
(email : i.motion169@gmail.com)

iMOTION - I
No. 169, Nguwar Street, Ahlone Township, Yangon, Myanmar. Tel : 01 705027, 09 501 5487

iMOTION - II
Room(D-6), 3thFloor, Corner of Mahabandoola Road & Phone Gyee Road,(China Town City Mart)
Lanmataw Tsp,Yangon, Myanmar.
Tel:09420020166, 01 215560-63 (Ext-140)

All Apple Products are Aviable at imotion

ဟန်းဆက် Brand မျိုးစုံမှ မည်သည့် Brand ဝယ်ယူလျှင် ကောင်းမလဲလို့ စဉ်းစားနေသူများအတွက် စိတ်ကြိုက်ရွေးချယ်နိုင်ရန် အကောင်းဆုံး ဟန်းဆက်များကို ရွေးချယ်ပေးထားပါတယ်။ သုံးစွဲနိုင်မည့် ဈေးနှုန်းအပေါ် မူတည်၍ စိတ်ကြိုက်ရွေးချယ်နိုင်ရန်လည်း စီစဉ်ပေးထားပါတယ်။

တန်ဖိုးမြင့် ဖုန်းများ

Blackberry Bold 9790
5MP / GSM
BlackBerry OS 7.0
Size : 2.45 inches
K 440,000
S.S.S
Ph: 09-730-727-77

HTC Desire V
5MP / GSM
Android 4.0
Size : 4 inches
K 299,000
KMD
Ph: 01-385-877

Sony Ericssion ArcS
8MP / GSM
Android 2.3.4
Size : 4.2 inches
K 235,500
Sim-Net Mobile
Ph: 09-501-0211

Samsung Galaxy SIII
8MP / GSM
Android 4.0.4
Size : 4.8 inches
K 575,000
KMD
Ph: 01-385-877

၁သိန်း ဝန်းကျင်တန်ဖိုးရှိ ဖုန်းများ

Nokia N700
5 MP / GSM
Symbian OS
Size : 3.2 inches
K 1700,000
ARAINDAMAR
Ph: 09-501-1565

Samsung galaxy Y
2 MP/ GSM
Android 2.3.5
Size : 3 inches
K 96,500
လှကြီးမင်း
Ph: 09-7300-9984

Sony Xperia Ray
8 MP / GSM
Android 2.3
Size : 3.3 inches
K 175,000
BOGYOKE
Ph: 01-292-627

Lenovo A65
3.2 MP / CDMA
Android 2.3.5
Size : 3.5 inches
K 93,000
KMD
Ph: 01-385-877

၅သောင်း အထက်တန်ဖိုးရှိ ဖုန်းများ

Android G510
3 MP / GSM
Android 2.3.4
Size : 3.5 inches
K 85,000
AGK
Ph: 01-246-669

Nokia 5130
2MP / GSM
Java OS
Size : 4 inches
K 75,000
ARAINDAMAR
Ph: 09-501-1565

Huawei U8860
8MP / GSM-2G
Android 2.3
Size :4 inches
K 80,000
AGK
Ph: 01-246-669

Samsung S3600i
1.3MP / GSM
Java OS
Size : 2.2 inches
K 73,000
BOGYOKE
Ph: 01-292-627

တန်ဖိုးနည်း ဖုန်းများ

Nokia C1-01
0.3 MP / GSM
JavaOS
Size : 1.8 inches
K 45,000
03 Mobile
Ph: 09-5502121

Nokia 2220
1.3 MP / GSM
Java OS
Size : 1.8 inches
K 45,000
လှကြီးမင်း
Ph: 09-7300-9984

Samsung Mini 5570 (China),
2MP / GSM
Java OS
Size : 3.2 inches
K 38,000
BOGYOKE
Ph: 01-292-627

Samsung e1195
Camera: No / GSM
Java OS
Size : 1.5"
K 36,000
ARAINDAMAR
Ph: 09-501-1565

Mobile Tablets

New iPad (WiFi)
Display: 9.7" LED backlit,
Camera: 5MP
Operating System: iOS 5.1
Storage: 16GB
K 460,000
SSS
Ph: 09-730-727-77

New iPad 4G+ WiFi
Display: 9.7" LED backlit,
Camera: 5MP
Operating System: iOS 5.1
Storage: 16GB
K 560,000
SSS
Ph: 09-730-727-77

Samsung Galaxy Tab
Display: 10.1"
Camera: 3.15MP
OS: Android 3.1
Storage: 16GB
K 490,000
KMD
Ph: 01-385-877

Lenovo A1 (WiFi)
Display: 7.0"
Camera: 3.15MP
OS: Android 2.3
Storage: 16GB
USD 294
KMD
Ph: 01-385-877

ဈေးနှုန်းချိုသာပြီး Function စုံတဲ့ Lenovo Smartphone

မေသဇင်သိန်း

မိုဘိုင်းဖုန်း Brand မျိုးစုံထွက်ရှိနေတဲ့အထဲမှ Lenovo အမှတ်တံဆိပ် ဟန်းဆက်အကြောင်းကို ဇော်ပြပေးချင်ပါတယ်။ Lenovo သည် ကွန်ပျူတာလောကမှာ နာမည်ကျော်နေတဲ့ Brand တစ်ခုဖြစ်ပြီး ယခုအခါမှာတော့ မိုဘိုင်းများကိုလည်း ထုတ်လုပ်လာတာ တွေ့ရပါတယ်။ Lenovo ဖုန်းများသည် စမတ်ဖုန်း အမျိုးအစားဖြစ်ပြီး Android OSကို အသုံးပြုထားသည်။ ယခုဖော်ပြပေးမယ့် Lenovo A65သည် Android OS Version 2.3.5 (Gingerbread)ကို အသုံးပြုထားပါတယ်။ ပြည်တွင်းဈေးကွက်ထဲကိုတော့ ၂၀၁၂ ခုနှစ်၊ ဇွန်လပိုင်းလောက်မှသာ စတင်ဝင်ရောက်လာတာ ဖြစ်ပါတယ်။

Feature

Lenovo A65သည် SIM ကဒ်နှစ်ကဒ် ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်ပြီး 3G/HSDPA Technology သုံးထားသည့်အတွက် GSM Network ချိတ်ဆက်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Android Version 2.3.5 (Gingerbread)ကို ထည့်သွင်းပေးထားသည့်အတွက် ယခုဈေးကွက်မှာ နာမည်ကျိုးသားဖြစ်သည့် Samsung, Sony, Huaweiတို့နဲ့ Lenovo A65က အကောင်းဆုံး ရွေးချယ်နိုင်မှာ ဖြစ်ပါတယ်။ အချက်အလက်များ သယ်ယူပို့ဆောင်မှု မြန်ဆန်စေရန် 800MHz, MT6573 Processorကို ထည့်သွင်းပေးထားပြီး လက်ဖြင့် စစ်ခိုင်းအသုံးပြုနိုင်တဲ့ Multi-Touchscreenသုံး စမတ်ဖုန်းတစ်လုံး ဖြစ်ပါတယ်။ screen အရွယ်အစားကတော့ ၃.၅ လက်မရှိပြီး screen ကြီးကြီး ကိုင်ဆောင်လိုသူများအတွက် အဆင်ပြေစေမှာ ဖြစ်ပါတယ်။

ကင်မရာ

Lenovo A65 မှာတော့ 3.2 mega pixel/MAX 2048×1536ရှိတဲ့ ကင်မရာကို တပ်ဆင်ပေးထားပါတယ်။ အဆိုပါ ကင်မရာနဲ့ ဓာတ်ပုံ၊ ဗွီဒီယိုများကို ကောင်းမွန်စွာ ရိုက်ကူးနိုင်မှာ ဖြစ်ပါတယ်။

Multimedia

အသုံးပြုနိုင်တဲ့ Multimedia များကတော့ Mp3, MP4, Video, FM radio, GPS Systemတို့ကို အသုံးပြုနိုင်မည်ဖြစ်ပြီး Network ချိတ်ဆက်အသုံးပြုနိုင်ဖို့အတွက် Wi-Fi: IEEE 802.11 b/g, Bluetooth with EDR & A2DP စနစ်တို့ ပါဝင်ပါတယ်။ ထို့ပြင် Voice Call Recorder, Portable WLAN Hotspot အစရှိတဲ့ functionများကိုလည်း အသုံးပြုနိုင်မည့်အပြင် 3.5mmရှိတဲ့ Audio jackလည်း ပါဝင်ပါတယ်။

Special Function

Lenovo A65မှာ Special Function အနေနဲ့ Gravity sensor, Proximity Sensor, Light Sensor, GPS, 3G Dual Sim Dual Standby, Multi-touch, Schedule Power On/Offတို့ကို ထည့်သွင်းပေးထားတာ တွေ့ရပါတယ်။

အားနည်းချက်

သူ့ရဲ့အားနည်းချက်ကတော့ အလင်းရောင်အားနည်းတဲ့အချိန်မှာ ကြည်လင်တဲ့ဓါတ်ပုံကို ရိုက်ကူးနိုင်ဖို့အတွက် အလင်း ထုတ်ပေးနိုင်တဲ့ Flash မပါဝင်ခြင်းပဲ ဖြစ်ပါတယ်။

အားသာချက်

Lenovo A65ရဲ့ အားသာချက်ကတော့ ဈေးနှုန်းအလွန်ချိသာပြီး Lenovoမှ တိုက်ရိုက်ထုတ်လုပ် ရောင်းချတဲ့အတွက် Warranty အပြည့်အဝ ရရှိနိုင်မှာ ဖြစ်ပါတယ်။

ဝယ်ယူနိုင်မည့်နေရာ

Lenovo A65ရဲ့ ဈေးနှုန်းကတော့ ကျပ် ၉၃,၀၀၀ ဝန်းကျင်ခန့်သာရှိပြီး KMD Computer Group အမှတ် (၁၇၄/၁၈၂)၊ ပန်းဆိုးတန်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၈၅-၈၇၇၊ ၀၁-၃၈၅-၁၇၇၀၇ တွင် ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

၁၊ ၇၊ ၂၀၁၂ ရက်နေ့မှ စတင်၍ Prepaid စနစ်အတွက် လိုင်းမပြတ်တောက်မှု မရှိစေရန် မြန်မာ့ဆက်သွယ်ရေးမှ ကျပ်ငွေ တစ်ထောင်အား ကြိုတင်ဖြည့်တင်းပေးထား

မေသဇင်သိန်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် လက်ရှိ Post Paid စနစ်ဖြင့် ဖုန်းပြဿနာများ ပေးသွင်းလျက်ရှိသော CDMA 450 စနစ်သုံး မိုဘိုင်းတယ်လီဖုန်းများနှင့် GSM စနစ်သုံး မိုဘိုင်းတယ်လီဖုန်းများအား တယ်လီဖုန်း ပြောဆို၀ေ ပေးသွင်းရမှု ပိုမိုအဆင်မြေစေရန် ရည်ရွယ်၍ (၁၊ ၇၊ ၂၀၁၂)ရက်နေ့မှ စတင်ကာ Prepaid (ကြိုတင်ငွေဖြည့်ကဒ်) စနစ်သို့ ပြောင်းလဲဝန်ဆောင်မှု ပေးမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရှိရပါတယ်။ ထိုသို့ Prepaid စနစ်သို့ ပြောင်းလဲဝန်ဆောင်မှုပေးရာတွင် ပြောဆိုသုံးစွဲသူများအနေဖြင့် Prepaid စနစ် ပြောင်းလဲမှုကြောင့် ဆက်သွယ်ခေါ်ဆိုမှု ပြတ်တောက်ခြင်း မရှိစေရန်အတွက် ငွေကျပ် ၁၀၀၀/ (ကျပ်တစ်ထောင်တိတိ) အား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကြိုတင်ဖြည့်တင်းပေးထားမည်ဖြစ်ကြောင်း သိရပါတယ်။

အဆိုပါ Prepaid စနစ်ပြောင်းလဲပြီးသော CDMA 450 /GSM စနစ်သုံး မိုဘိုင်းတယ်လီဖုန်း ပြောဆိုသုံးစွဲသူများအနေဖြင့် (၁၊ ၇၊ ၂၀၁၂)ရက်နေ့မှ စတင်၍ ကြိုတင်ငွေဖြည့်ကဒ် (Prepaid Top-up Card)များဖြင့် ငွေဖြည့်သုံးစွဲသွားရန် လိုအပ်ပါတယ်။ ထိုသို့ ပြောင်းလဲသုံးစွဲခြင်းကြောင့် သုံးစွဲနေသည့် မူလဖုန်းနံပါတ်များမှာ နဂိုအတိုင်း ရှိမည်ဖြစ်ပြီး ဖုန်းနံပါတ်ပြောင်းလဲမည် မဟုတ်ကြောင်း သိရှိရပါတယ်။ Prepaid စနစ်သို့ ပြောင်းလဲဝန်ဆောင်မှုရယူသည့် CDMA 450/GSM မိုဘိုင်းတယ်လီဖုန်းများအနေဖြင့် ယခင် Post Paid စနစ်အဖြစ် သုံးစွဲစဉ်ကာလထိ ပြောဆိုထားသည့် ဖုန်းပြောဆိုခများကို ယခင်စနစ်အတိုင်း ပေးချေရမှာ ဖြစ်ပါတယ်။ ကြိုတင်ငွေဖြည့်စနစ် (Prepaid စနစ်) စတင်အသုံးပြုသည့်နေ့တွင် ပြောဆို၀ ပေးသွင်းထားသည့် ပိုငွေရှိပါက ၎င်းပိုငွေအား ပစ်သစ်သို့ ထည့်သွင်းဖြည့်တင်းပေးမည်ဖြစ်ကြောင်း သိရှိရပါတယ်။ Prepaid စနစ်သို့ ပြောင်းလဲ ဝန်ဆောင်မှုပေးခြင်းနှင့် ပတ်သက်၍ Call Center ဖုန်းနံပါတ် 1876 သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရပါတယ်။

တန်ဖိုးနည်း လိုင်းကဒ်များကို နိုင်ငံဝန်ထမ်းများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေး

မေသဇင်သိန်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် နေပြည်တော်အပါအဝင် ပြည်နယ်/ တိုင်းဒေသကြီးအသီးသီးတွင် တာဝန်ထမ်းဆောင်ဝျက်ရှိသော ဝန်ကြီးဌာနအသီးသီးရှိ နိုင်ငံဝန်ထမ်းများအား အရစ်ကျ ငွေပေးချေစနစ်ဖြင့် မိုဘိုင်းဖုန်းများကို ရောင်းချပေးသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရပါတယ်။ အရစ်ကျ ငွေပေးချေစနစ်ဖြင့် ရောင်းချရာတွင် ကျပ်နှစ်သိန်းတန် GSM မိုဘိုင်းဖုန်းများနှင့် ကျပ်နှစ်သိန်းငါးသောင်းတန် WCDMA မိုဘိုင်းဖုန်းများအား မူလ သတ်မှတ်ထားသော တန်ဖိုးအတိုင်းသာ ပေးချေရမည်ဖြစ်ကြောင်း သတင်းရရှိပါတယ်။ အရစ်ကျစနစ်ဖြင့် ငွေပေးချေရာတွင် GSM မိုဘိုင်းတယ်လီဖုန်းတစ်လုံးအတွက် တစ်လလျှင် ကျပ် ၄၀,၀၀၀/- (ကျပ်လေးသောင်းတိတိ) ဖြင့် (၅)လနှင့် WCDMA မိုဘိုင်းဖုန်းတစ်လုံးအတွက် တစ်လလျှင် ကျပ် ၅၀,၀၀၀/- (ကျပ်ငါးသောင်းတိတိ) ဖြင့် (၅)လ အရစ်ကျပေးချေရမည်ဖြစ်ကြောင်း သိရပါတယ်။ ထို့ပြင် အင်တာနက်ဝန်ဆောင်မှုအား အသုံးပြုလိုပါက သုံးစွဲလိုသည့်အချိန်တွင် သတ်မှတ်နှုန်းထားဖြင့် သုံးစွဲခွင့်ပြုမှာ ဖြစ်ပါတယ်။

အရစ်ကျ ငွေပေးချေစနစ်ဖြင့် တယ်လီဖုန်း သုံးစွဲလိုသည့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်ဌာနများသည် မိမိဌာန၏ သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများစာရင်းနှင့် ငွေပေးချေမှုတို့ကို တာဝန်ယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပထမအရစ်ကျ ပေးသွင်းပြီးသည့်အချိန်မှစ၍ မိုဘိုင်းတယ်လီဖုန်းကဒ်အား ထုတ်ယူသုံးစွဲနိုင်မှာဖြစ်ပြီး လစဉ် အရစ်ကျပေးသွင်းပြီး နောက်ဆုံးအရစ် ငွေပေးသွင်းပြီးသည့်အချိန်တွင် မိုဘိုင်းတယ်လီဖုန်း သုံးစွဲခြင်းဆိုင်ရာ စာရွက်စာတမ်းများ၊ အထောက်အထားများအား လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရှိရပါတယ်။ အရစ်ကျငွေပေးချေစနစ်ဖြင့် ရောင်းချမှုကို ၂၀၁၂ခုနှစ်၊ ဇွန်လ(၃၀) ရက်နေ့တွင် တစ်ကြိမ်နှင့် ဇူလိုင်လ(၃၁) ရက်နေ့တို့တွင် တစ်ကြိမ် နှစ်ကြိမ်ခွဲ၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရပါတယ်။

Ref: www.mpt.net.mm

လက်ငင်း Discountများအပြင် လိုင်းကဒ်(၁၀)ကဒ်အား ကံစမ်းနိုင်မည့် Promotion ပွဲ

မေသဇင်သိန်း

လူကြီးမင်း မိုဘိုင်းဖုန်း အရောင်းဆိုင် (သာကေတ)မှ ဝယ်ယူအားပေးသော မိတ်ဟောင်း၊ မိတ်သစ် Customer များကို ကျေးဇူးတုံ့ပြန်သောအားဖြင့် ဟန်းဆက်ဝယ်ယူတိုင်း လက်ငင်း Discountများအပြင် လိုင်းကဒ်(၁၀)ကဒ်အား လစဉ်ကံစမ်းနိုင်မည့် Promotion ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါတယ်။ Promotion ကာလကိုတော့ ယနေ့စ၍ ဇူလိုင်လ (၁၅) ရက်နေ့မှ စကာတင်ဘာလ (၁၅) ရက်နေ့အထိ သတ်မှတ်ပေးထားပြီး လစဉ် လိုင်းကဒ်(၁၀)ကဒ်အား ကံစမ်းနိုင်မည်ဖြစ်ကြောင်း သိရပါတယ်။ လူကြီးမင်း မိုဘိုင်းဖုန်းအရောင်းဆိုင်သည် ပြည်တွင်းဌ ဆိုင်ခွဲပေါင်း များစွာ ဖွင့်လှစ်ထားပြီး ဝန်ဆောင်မှု ကောင်းခြင်းနှင့် ဈေးနှုန်း တိကျခြင်းတို့ကြောင့် Customer အများအပြား ယုံကြည်စွာ ဝယ်ယူလျက်ရှိတာ တွေ့ရပါတယ်။ မြန်မာကျပ်ငွေ သိန်းကျော်တန် တန်ဖိုးမြင့် ဟန်းဆက်များမှစ၍ ကျပ်နှစ်သောင်းတန် တန်ဖိုးနည်း ဟန်းဆက်များကို Brand စုံလင်စွာ ရောင်းချပေးသည့်အတွက် မိမိအလိုရှိသည်ကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ စိတ်ပါဝင်စားခြင်း အသေးစိတ်စုံစမ်းလိုပါက လူကြီးမင်း(သာကေတ) အမှတ် (၁၄)၊ မင်းနန္ဒာလမ်း၊ (၁)ဧရိယာ၊ ဒေါပဲမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၇၃၂-၂၅၇-၃၃၇ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရပါတယ်။

